# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ညွှန်ကြားချက်အမှတ် ၂ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေ ပုဒ်မ ၂၉၄-ခ၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **"သင်္ဘောဟန်ချက်ထိန်းရေနှင့် အနည်အနှစ်များအား စီမံခန့်ခွဲခြင်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာညွှန်ကြားချက်"** ကို ထုတ်ပြန်လိုက်သည်။

၁။ (က) ဤညွှန်ကြားချက်သည် အောက်ဖော်ပြပါ သင်္ဘောများနှင့်သက်ဆိုင်စေရမည်-

(၁) မည်သည့် နေရာဒေသတွင်မဆို ရှိနေသော မြန်မာသင်္ဘောများ၊

(၂) မြန်မာအလံလွှင့်ထူမထားသော်လည်း နိုင်ငံတော်၏ အခွင့်အာဏာဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် သင်္ဘောများ၊

(၃) မြန်မာနိုင်ငံ ဆိပ်ကမ်း၊ သင်္ဘောကျင်း၊ ကမ်းလွန်ဆိပ်ကမ်း သို့မဟုတ် မြန်မာ့ရေပြင်အတွင်းရှိ သင်္ဘောများ။

(ခ) ဤညွှန်ကြားချက်သည် အောက်ဖော်ပြပါ သင်္ဘောများနှင့်သက်ဆိုင်ခြင်းမရှိစေရ-

(၁) သင်္ဘောဟန်ချက်ထိန်းရေများ သယ်ဆောင်ရန် ပုံစံပြုလုပ်ထားခြင်း သို့မဟုတ် တည်ဆောက်ထားခြင်းမဟုတ်သည့် သင်္ဘောများ၊

(၂) သင်္ဘောဟန်ချက်ထိန်းရေ စွန့်ပစ်ခြင်းဖြင့် မြန်မာနိုင်ငံ သို့မဟုတ် ယင်းနှင့် ကပ်လျက် သို့မဟုတ် အခြားသောနိုင်ငံများ၏ ပတ်ဝန်းကျင်၊ လူ့ကျန်းမာရေး၊ ပစ္စည်းဥစ္စာ သို့မဟုတ် သယံဇာတများအပေါ် ထိခိုက်ပျက်စီးစေခြင်း သို့မဟုတ် ယိုယွင်းစေခြင်းမရှိဘဲ မြန်မာနိုင်ငံ၏ စီရင်ပိုင်ခွင့်ရေပြင်အတွင်း၌သာ လုပ်ငန်းဆောင်ရွက်လျက်ရှိသော သင်္ဘောများ၊

(၃) ၂၀၀၄ ခုနှစ်၊ သင်္ဘောဟန်ချက်ထိန်းရေနှင့် အနည်အနှစ်များ စီမံခန့်ခွဲခြင်း၊ ထိန်းချုပ်ခြင်းနှင့်သက်ဆိုင်သည့်အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (သင်္ဘောဟန်ချက်ထိန်းရေစီမံခန့်ခွဲခြင်းဆိုင်ရာကွန်ဗင်းရှင်း) အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏သင်္ဘောများအနေဖြင့် မြန်မာနိုင်ငံ၏ စီရင်ပိုင်ခွင့် ရေပြင်အတွင်း၌သာ

လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကင်းလွတ်ခွင့်ပြုချက်ရရှိထားသော သင်္ဘောများ၊

(၄) စစ်သင်္ဘောများ၊ တပ်မတော် (ရေ) အထောက်အကူပြုသင်္ဘောများနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးအတွက် ရည်ရွယ်ပြေးဆွဲခြင်းမဟုတ်ဘဲ လက်ရှိအချိန်တွင် အစိုးရကိစ္စအတွက်သာ အသုံးပြုသည့် အစိုးရက ပိုင်ဆိုင်သော သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်သော သင်္ဘောများ၊ သို့ရာတွင် အဆိုပါ သင်္ဘောများ၏ ပိုင်ရှင် သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်သူများသည် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကိုဖြစ်စေ၊ လုပ်ကိုင်နိုင်စွမ်းကိုဖြစ်စေ ထိခိုက်မှုမရှိစေဘဲ တတ်နိုင်သမျှ ကျိုးကြောင်းဆီလျော်စွာ သင့်လျော်သော နည်းလမ်းများချမှတ်၍ သင်္ဘောဟန်ချက်ထိန်းရေ စီမံခန့်ခွဲခြင်းဆိုင်ရာကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(၅) သင်္ဘောပေါ်ရှိ ချိတ်ပိတ်သိုလှောင်ခန်းများအတွင်း ပုံသေထားရှိသည့် စွန့်ပစ်ရန် မလိုအပ်သော သင်္ဘောဟန်ချက်ထိန်းရေ သယ်ဆောင်ထားရှိသည့် သင်္ဘောများ။

၂။ အပိုဒ် ၁ (က) အရ သက်ဆိုင်သည့် သင်္ဘောများ၏ ပိုင်ရှင်များ၊ ရေယာဉ်မှူးများ၊ သင်္ဘောလုပ်ငန်းဆောင်ရွက်သူများ၊ မန်နေဂျာများ၊ တိုင်းတာစစ်ဆေးရေးမှူးများ၊ အသိအမှတ်ပြုအဖွဲ့အစည်းများ (Recognized Organizations) နှင့် နိုင်ငံခြားသင်္ဘောစစ်ဆေးရေးမှူးများသည် သင်္ဘောဟန်ချက်ထိန်းရေနှင့် အနည်အနှစ်များအား စီမံခန့်ခွဲခြင်း၊ ထိန်းချုပ်ခြင်းတို့နှင့်စပ်လျဉ်း၍ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော သင်္ဘောဟန်ချက်ထိန်းရေ စီမံခန့်ခွဲခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၊ နောက်ဆက်တွဲ (ခ) တွင် ဖော်ပြထားသော ဆုံးဖြတ်ချက် အမ်အီးပီစီ ၂၈၇ (၇၁)၊ နောက်ဆက်တွဲ (ဂ) တွင် ဖော်ပြထားသော ဆုံးဖြတ်ချက် အမ်အီးပီစီ ၂၈၈ (၇၁)၊ နောက်ဆက်တွဲ (ဃ) တွင် ဖော်ပြထားသော ဘီဒဗလျူအမ်.၂/ ဆာကြူလာ (၇၀)/အာအီးဗီ.၁ ပါ လမ်းညွှန်ချက်နှင့် နောက်ဆက်တွဲ (င) တွင် ဖော်ပြထားသော ဆုံးဖြတ်ချက် အေ ၁၁၅၆ (၃၂) တို့ပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာကျင့်သုံးရမည်။

၃။ အပိုဒ် ၁ (က) အရ သက်ဆိုင်သည့် သင်္ဘောများပေါ်တွင် ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရေနေဇီဝနှင့် ပက်သိုဂျင်များပါဝင်သော သင်္ဘောဟန်ချက်ထိန်းရေနှင့် အနည်အနှစ်များ စီမံခန့်ခွဲခြင်းနှင့်ထိန်းချုပ်ခြင်း အစီအမံများကို သင်္ဘောဟန်ချက်ထိန်းရေ လဲလှယ်ခြင်းနည်းလမ်း သို့မဟုတ် သင်္ဘောဟန်ချက်ထိန်းရေ ပြုပြင်သန့်စင်ခြင်းနည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။

၄။ (က) အပိုဒ် ၁ (က) အရ သက်ဆိုင်သည့် သင်္ဘောတိုင်းတွင် သင်္ဘောဟန်ချက်ထိန်းရေ

စီမံခန့်ခွဲမှုဆိုင်ရာ စီမံချက်ထားရှိရမည်။

(ခ) မြန်မာသင်္ဘောတိုင်းသည် အပိုဒ်ခွဲ (က) ပါ စီမံချက်နှင့်စပ်လျဉ်း၍ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက သတ်မှတ်ထားသည့် သင်္ဘောဟန်ချက်ထိန်းရေစီမံခန့်ခွဲမှုဆိုင်ရာ သတ်မှတ်စံနှုန်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းစီမံချက်ကို အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့က ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက စိစစ်၍ အတည်ပြုရမည်။

(ဂ) မြန်မာ့ရေပြင်၊ ဆိပ်ကမ်းများနှင့် ကမ်းလွန်ဆိပ်ကမ်းများသို့ ဝင်ရောက်လာသည့် နိုင်ငံခြားအလံလွှင့်ထူထားသော သင်္ဘောများသည် သင်္ဘောဟန်ချက်ထိန်းရေ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက သတ်မှတ်ထားသည့် သင်္ဘောဟန်ချက်ထိန်းရေ စီမံခန့်ခွဲမှုဆိုင်ရာ သတ်မှတ်စံနှုန်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဃ) သင်္ဘောဟန်ချက်ထိန်းရေစီမံခန့်ခွဲမှုဆိုင်ရာ စီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာသင်္ဘောအလိုက် အရာရှိများနှင့် သင်္ဘောဝန်ထမ်းများသည် ၎င်းတို့၏ တာဝန်ဝတ္တရားများနှင့် အကျွမ်းတဝင်ရှိစေရန် သင်္ဘောပိုင်ရှင်နှင့် ရေယာဉ်မှူးတို့က စီမံဆောင်ရွက်ရမည်။

၅။ အပိုဒ် ၁ (က) အရ သက်ဆိုင်သည့် သင်္ဘောများသည် ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် တားမြစ်ထားသော နေရာများ၌ သင်္ဘောဟန်ချက်ထိန်းရေ လဲလှယ်ခြင်း မပြုလုပ်ရ။

၆။ အပိုဒ် ၁ (က) အရ သက်ဆိုင်သည့် သင်္ဘောတိုင်းတွင် သင်္ဘောဟန်ချက်ထိန်းရေစီမံခန့်ခွဲခြင်းဆိုင်ရာကွန်ဗင်းရှင်းအရ လိုအပ်သော သင်္ဘောဟန်ချက်ထိန်းရေ မှတ်တမ်းစာအုပ်ကိုအစစ်ဆေးခံနိုင်ရန် အမြဲတမ်းထားရှိရမည်။ ယင်းမှတ်တမ်းစာအုပ်ကို အီလက်ထရွန်နစ်မှတ်တမ်းစနစ်ဖြင့်လည်း ထားရှိနိုင်သည်။

၇။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် သင်္ဘောဟန်ချက်ထိန်းရေနှင့် အနည်အနှစ်များအား စီမံခန့်ခွဲခြင်း၊ ထိန်းချုပ်ခြင်းနှင့်စပ်လျဉ်း၍ ခြွင်းချက်များနှင့် ကင်းလွတ်ခွင့်ပြုခြင်းများအား သင်္ဘောဟန်ချက်ထိန်းရေစီမံခန့်ခွဲခြင်းဆိုင်ရာကွန်ဗင်းရှင်းပါ သတ်မှတ်ချက်များအတိုင်း ခွင့်ပြုနိုင်သည်။

၈။ (က) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် အသိအမှတ်ပြုအဖွဲ့အစည်းသည် လုံးပေါင်းတန်ချိန် ၄၀၀ နှင့်အထက် အပြည်ပြည်ဆိုင်ရာ ခရီးစဉ်နှင့် အိမ်နီးချင်းကမ်းရိုးတန်းခရီးစဉ်သွား မြန်မာသင်္ဘောများအား အပိုဒ် (၂) ၏ နောက်ဆက်တွဲများပါ ပြဋ္ဌာန်းချက်များအတိုင်း တိုင်းတာစစ်ဆေး၍ သတ်မှတ်

ချက်များအတိုင်း သင်္ဘောဟန်ချက်ထိန်းရေ စီမံခန့်ခွဲမှုဆိုင်ရာ လက်မှတ်ကို ထုတ်ပေးရမည်။

(ခ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် အပိုဒ်ခွဲ (က) တွင် မပါဝင်သည့် အပြည်ပြည်ဆိုင်ရာခရီးစဉ်နှင့် အိမ်နီးချင်းကမ်းရိုးတန်းခရီးစဉ်သွား မြန်မာသင်္ဘောများအတွက် သင်္ဘောဟန်ချက်ထိန်းရေနှင့် အနည်အနှစ်များအား စီမံခန့်ခွဲခြင်း၊ ထိန်းချုပ်ခြင်းနှင့်စပ်လျဉ်းသည့် သင့်လျော်သော အစီအမံများထားရှိစေရမည်။

၉။ မြန်မာ့ရေပြင်အတွင်းသို့ ဝင်ရောက်မည့် အပိုဒ် ၁ (က) နှင့်သက်ဆိုင်သည့် သင်္ဘောများသည် သင်္ဘော၏ဟန်ချက်ထိန်းရေဆိုင်ရာ အချက်အလက်များအား မြန်မာ့ရေပြင်သို့ မရောက်မီ အနည်းဆုံး ၂၄ နာရီ ကြိုတင်၍ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ သတ်မှတ်ချက်များအတိုင်း သတင်းပို့ရမည်။

၁၀။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် အပိုဒ် ၁ (က) အရ သက်ဆိုင်သည့် သင်္ဘောများအား ဤညွှန်ကြားချက်အတိုင်း လိုက်နာမှုရှိစေရန် လိုအပ်သော အရေးယူဆောင်ရွက်ခြင်းများ ပြုရမည်။

ဒေါက်တာကိုကိုနိုင်
ခေတ္တညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ရညန/ ညွှန်ကြားချက် / ၁၅၀၄
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ လ ၂ ရက်

**ဖြန့်ဝေခြင်း**

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
မြန်မာ့သင်္ဘောကျင်းလုပ်ငန်း
ငါးလုပ်ငန်းဦးစီးဌာန
မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း
သတ္တုတွင်းလုပ်ငန်း
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
အသိအမှတ်ပြုအဖွဲ့အစည်းများ (Recognized Organizations)

Shining Star Shipping Co.,Ltd၊
နိုင်ငံခြားသွားသင်္ဘောပိုင်ရှင်များအသင်း
ကမ်းရိုးတန်းသွားရေယာဉ်ပိုင်ရှင်များအသင်း
မြန်မာနိုင်ငံကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်များအသင်း
ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ |

မိတ္တူကို
- ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊
- ဥပဒေရေးရာဝန်ကြီးဌာန၊
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
- သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊
- စွမ်းအင်ဝန်ကြီးဌာန၊
- ရုံးလက်ခံ။